**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၃၇ /၂၀၂၀**

**၁၃၈၂ ခုနှစ် ၊ ဝါခေါင်လပြည့်နေ့**

**(၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂ ရက်)**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေပုဒ်မ ၉၈ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေကို ဆိုသည်။

(ခ) **ရွေးချယ်ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဥပဒေနှင့်အညီ စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်များ ကြီးကြပ်ရွေးချယ်နိုင်ရေးအတွက် ဖွဲ့စည်းထားသော အဖွဲ့အဆင့်ဆင့်ကိုဆိုသည်။

(ဂ) **အိမ်ထောင်စု** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက သတ်မှတ်ပေးသော အိမ်ထောင်စု စာရင်း ပုံစံ ၆၆ / ၆ ပါစာရင်းကို ဆိုသည်။

(ဃ) **မဲစာရင်း** ဆိုသည်မှာ စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းနိုင်ရေး အတွက် သတ်မှတ်ထားသော မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မဲဆန္ဒနယ်မြေများတွင်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းကို ဆိုသည်။

(င) **ဆန္ဒမဲလက်မှတ်** ဆိုသည်မှာ ကော်မတီဝင်များကို ရွေးချယ်ရာတွင် အသုံးပြုသည့် ပုံစံစာရွက် သို့မဟုတ် ပုံစံကဒ်ပြားကို ဆိုသည်။

(စ) အိမ်ထောင်စုကိုယ်စားလှယ်ဆိုသည်မှာ အိမ်ထောင်စုတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ်ပြည့်ပြီးသော မိသားစုဝင်တစ်ဦးဦးကို ဆိုသည်။

(ဆ) **ကော်မတီအဆင့်ဆင့်** ဆိုသည်မှာ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့စည်ပင်သာယာရေးကော်မတီကိုဆိုသည်။

(ဇ) **ကော်မတီဝင်** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအရ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သတ်မှတ်မဲဆန္ဒနယ်

များမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ရွေးချယ်တင်မြှောက်ခြင်းခံရသည့် တိုင်းဒေသကြီး စည်ပင် သာယာရေး ကော်မတီဝင်များ၊ မြို့နယ်နှင့် မြို့ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဆိုသည်။

(ဈ) **ရွေးကောက်ပွဲ**ဆိုသည်မှာ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်/ မြို့စည်ပင်သာယာရေးကော်မတီဝင်များအား ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲ ကိုဆိုသည်။

(ည) **ကော်မတီဝင်လောင်း**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်အဖြစ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ကစိစစ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသူ ကို ဆိုသည်၊

(ဋ) **မဲဆန္ဒနယ်**ဆိုသည်မှာ ဝန်ကြီးဌာနက သတ်မှတ်သော သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးနယ်နိမိတ်အတွင်းရှိမဲဆန္ဒနယ်များကို ဆိုသည်။

(ဌ) **မဲရုံမှူး**ဆိုသည်မှာ မဲရုံအဖွဲ့အားကြီးကြပ်သော ပုဂ္ဂိုလ်ကိုဆိုသည်။

(ဍ) **မဲရုံအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သတ်မှတ်မဲဆန္ဒနယ်(၁)နယ်၏ မဲရုံ(၁)ရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်း တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့က အတည်ပြု တာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(ဎ) **တရားမဲ့ပြုကျင့်မှု**ဆိုသည်မှာ ဤနည်းဥပဒေ အခန်း(၁၂)တွင် ဖော်ပြထားသော ပြုကျင့်မှု တစ်ခုခုကိုဆိုသည်။

(ဏ) **ဝန်ထမ်းအဖွဲ့အစည်း**ဆိုသည်မှာ ရွေးကောက်ပွဲဆိုင်ရာကိစ္စ အဝဝကို ဆောင်ရွက် နိုင်ရန်အလို့ငှာ အစိုးရအဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်ထား သော ဝန်ထမ်း များကို ဆိုသည်။

## အခန်း(၂)

## စည်ပင်သာယာရေးကော်မတီဝင်လောင်းများ၊ ကော်မတီဝင်များ၏အရည်အချင်း

၃။ ကော်မတီဝင်လောင်းအဖြစ် ရွေးချယ်ရာတွင် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ ကိုသာ ရွေးချယ်ရမည်-

(က) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လက်ရှိတစ်ဆက်တည်း (၅)နှစ် အခြေချနေထိုင်လျက်ရှိသူ၊ (ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစား နိုင်သည်။)

(ခ) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားလာသည့် နိုင်ငံသားဖြစ်သူ၊ (ကော်မတီဝင်လောင်းသည် ဝင်ရောက်ယှဉ်ပြိုင်ချိန်တွင် ၎င်း၏ မိဘနှစ်ဦးလုံးသည် နိုင်ငံသားဖြစ်ပြီးသူများ ဖြစ်ရမည်။)

(ဂ) အသက်(၂၅)နှစ်ပြည့်ပြီး ကျန်းမာရေးကောင်းမွန်သူ၊

(ဃ) တက္ကသိုလ်ဝင်တန်း/အခြေခံပညာအထက်တန်း(က) အဆင့်ဖြင့် အောင်မြင်ပြီးသူ၊

(င) ကော်မတီ၏တာဝန်များအား အချိန်မရွေးတာဝန်ထမ်းဆောင်နိုင်သူ၊

(စ) ဥပဒေနှင့်ညီညွတ်သောလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူ၊

(ဆ) မိမိကိုယ်တိုင် ဆန္ဒပြုသူ၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းများဖြစ်သော တင်ဒါလုပ်ငန်း၊ အရပ်ရပ်အခွင့်အရေး လိုင်စင်လုပ်ငန်းများကို လုပ်ကိုင်နေခြင်း မဟုတ်သူ။

၄။ အောက်ပါပုဂ္ဂိုလ်များအား ကော်မတီဝင်လောင်းအဖြစ် ရွေးချယ်ခံပိုင်ခွင့် မရှိစေရ-

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) နိုင်ငံ့ဝန်ထမ်းများ၊

(ဂ) အမည်ပျက်စာရင်း တင်သွင်းခံထားရသူများ၊

(ဃ) စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူ၊

(င) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကိုခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် လက်အောက်ခံ ဖြစ်သူ ၊

(စ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသောအခွင့်အရေးများ သို့မဟုတ် ကျေးဇူး ခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဆ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြား အဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူ သုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူ သုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဇ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ကြေညာခံထားရခြင်းမှ မလွတ်မြောက်သေးသူ၊

(ဈ) မိမိကိုယ်ရေးအချက်အလက်များအား မမှန်မကန်တင်ပြသူ၊

(ည) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက် တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် ကော်မတီဝင်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့်မရှိကြောင်း ဝန်ကြီးဌာနက ကြေညာ ခြင်းခံရသူ၊

(ဠ) ရွေးကောက်ပွဲဆိုင်ရာပြစ်မှုတစ်ရပ်ရပ်အရ ပြစ်ဒဏ်ကျခံရသဖြင့် ကော်မတီဝင်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ဝန်ကြီးဌာနက ကြေညာခြင်းခံရသူ၊

(ဥ) ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အညီဆောင်ရွက်ရန် ပျက်ယွင်းခြင်းကြောင့် ကော်မတီဝင်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ဝန်ကြီးဌာနက ကြေညာခြင်းခံရသူ၊

(ဍ) ရွေးကောက်ပွဲဥပဒေတစ်ရပ်ရပ်အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာ ထားခြင်းခံရသူ၊

(ဎ) ကော်မတီသက်တမ်းတစ်ရပ်အတွင်း အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသူ၊

(ဏ) နိုင်ငံ့ဝန်ထမ်းဥပဒေအရ ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခံရသူ၊ ထုတ်ပစ်ခံရသူနှင့် တာဝန်မှရပ်စဲခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ။

၅။ ကော်မတီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် စည်ပင်သာယာရေးဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဃ)အပြင် အောက်ပါအချက်တစ်ခုခုနှင့်ငြိစွန်းလျှင် ကော်မတီဝင်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ-

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊

(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(ဂ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ကြေညာခံရခြင်း၊

(ဃ) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း၊

(င) မိဘတစ်ပါးပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ နိုင်ငံသားမဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း၊

(စ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသား ဖြစ်သူဟု ဆုံးဖြတ်ခံရခြင်း၊

(ဆ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူဟု ဆုံးဖြတ်ခံရခြင်း၊

(ဇ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြား အဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူ သုံးစွဲသူ

သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူ သုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူဟု ဆုံးဖြတ်ခံရခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးက အကြောင်းကြားခံရခြင်း၊

(ည) စည်ပင်သာယာရေးလုပ်ငန်းများဖြစ်သော တင်ဒါလုပ်ငန်း၊ အရပ်ရပ်အခွင့်အရေး လိုင်စင်လုပ်ငန်းများကို လုပ်ကိုင်သူ။

## အခန်း(၃)

## ကော်မတီဝင်လောင်း လျှောက်ထားခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း

၆။ ကော်မတီဝင်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံလိုသူများသည် ဤနည်းဥပဒေ ၃နှင့်၄ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်သူဖြစ်ရမည်။

၇။ ကော်မတီဝင်လောင်းတစ်ဦးသည် မိမိအိမ်ထောင်စုစာရင်းဖြင့် နေထိုင်သည့်မြို့နယ်အတွက်သာ ဝင်ရောက်ရွေးချယ်ခံနိုင်ခွင့်ရှိသည်။

၈။ ကော်မတီဝင်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံလိုသူများသည် စည်ပင်သာယာရေး ကော်မတီဝင်လောင်းလျှောက်လွှာ၊ ပုံစံ(က)ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ ထုတ်ယူရမည်။

၉။ ကော်မတီဝင်လောင်းလျှောက်ထားလိုသူသည် မှတ်ပုံတင်ကြေးငွေ(၅၀၀၀၀/-)ငါးသောင်းကျပ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်ထားသည့် ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်း၍ ငွေသွင်းချလံ(မူရင်း)ကို ပုံစံ(က)နှင့်အတူ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်။

၁၀။ ကော်မတီဝင်လောင်းလျှောက်ထားသူများသည် မည်သည့်အကြောင်းနှင့်မျှ မှတ်ပုံတင်ကြေးကို ပြန်လည်ထုတ်ယူခွင့် မရှိစေရ။

၁၁။ ကော်မတီဝင်လောင်းလျှောက်ထားသူတစ်ဦးဦးသည် ကော်မတီဝင်လောင်းလျှောက်ထားမှုကို မိမိဆန္ဒအလျောက်ရုပ်သိမ်းလိုလျှင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့်ကာလအတွင်း မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၂။ သက်ဆိုင်ရာမြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များသည် -

(က) ကော်မတီဝင်လောင်းလျှောက်ထားလာသူများ၏ အမည်စာရင်းကို မှတ်ပုံတင်ထားရှိရမည်။

(ခ) ကော်မတီဝင်လောင်းလျှောက်ထားသူများကို နည်းဥပဒေ ၃ နှင့် ၄ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ရမည်။ ထိုသို့စိစစ်သည့်နေ့ရက်တွင် လျှောက်လွှာတင်သွင်းထားသော ကော်မတီဝင်လောင်းများအားဖိတ်ကြားရမည်။

(ဂ) ကော်မတီဝင်လောင်းအရည်အချင်းပြည့်စုံသူအမည်စာရင်းနှင့် ကော်မတီဝင်လောင်း အရည်အချင်းမပြည့်စုံသူအမည်စာရင်းများကို မှတ်ပုံတင်ထားရှိရမည်။

(ဃ) အရည်အချင်းမပြည့်စုံသည့် ကော်မတီဝင်လောင်းများနှင့်ပတ်သက်၍ ကော်မတီဝင် လောင်း အရည်အချင်းမပြည့်စုံမှုမှာ မည်သည့်အကြောင်းအချက်ကြောင့်ဖြစ်ကြောင်း မှတ်တမ်းတင်ထားရမည်။

(င) ကော်မတီဝင်လောင်းအရည်အချင်း ပြည့်စုံသူများ၏အမည်စာရင်းကို ဝန်ကြီးဌာနက သတ်မှတ်သည့်နေ့ရက်တွင် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၄)

## စည်ပင်သာယာရေးကော်မတီရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်၏ အရည်အချင်းများနှင့် ဖွဲ့စည်းခြင်း၊

၁၃။ ဝန်ကြီးချုပ်သည် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်အတွက် ဝန်ကြီးအား တာဝန်ပေးအပ်နိုင်သည်။

၁၄။ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်ရှိ ပုဂ္ဂိုလ်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံ ရမည်-

(က) အသက်(၃၅)နှစ်ပြည့်ပြီးသူ(ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေး အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်၊)

(ခ) နိုင်ငံသားဖြစ်သူ၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊

(ဃ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(င) သက်ဆိုင်ရာဒေသတွင်အစဉ်အမြဲနေထိုင်ပြီး ဒေသခံပြည်သူများက ယုံကြည်လေးစား သူ၊

(စ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊

(ဆ) ကော်မတီဝင်လောင်းမဟုတ်သူဖြစ်ရမည့်အပြင် မိမိတာဝန်ကျသည့်ဒေသ၊ မြို့နယ် အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့်ကော်မတီဝင်လောင်း၏ မိသားစုဝင်နှင့်အတူနေ ဆွေမျိုးသားချင်းများ မဖြစ်စေရ၊

၁၅။ ဝန်ကြီးသည် တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်အလိုက် ခရိုင်ရွေးချယ် ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ခရိုင်နယ်နိမိတ်အတွင်းနေထိုင်သည့်အများ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်(၁)ဦး — ဥက္ကဋ္ဌ

(ခ) ခရိုင်နယ်နိမိတ်အတွင်းနေထိုင်သည့်အများ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်(၂)ဦး — အဖွဲ့ဝင်

(ဂ) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယဦးစီးမှူး၊ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန — အဖွဲ့ဝင်

(င) ဒုတိယခရိုင်ဥပဒေအရာရှိ — အဖွဲ့ဝင်

(စ) ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်

(ဆ) လက်ထောက်ညွှန်ကြားရေးမှူး(အတွင်းရေးမှူး) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး — အဖွဲ့ဝင်

(ဇ) အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင် သာယာရေးဌာန(ခရိုင်တာဝန်ခံ) — အတွင်းရေးမှူး

၁၆။ ဝန်ကြီးသည် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) မြို့နယ်နယ်နိမိတ်အတွင်းနေထိုင်သည့်အများ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်(၁)ဦး — ဥက္ကဋ္ဌ

(ခ) မြို့နယ်နယ်နိမိတ်အတွင်းနေထိုင်သည့်အများ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်(၂)ဦး — အဖွဲ့ဝင်

(ဂ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယဦးစီးမှူး၊မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန — အဖွဲ့ဝင်

(င) ဒုတိယမြို့နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်

(စ) ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်

(ဆ) ဦးစီးအရာရှိ(အတွင်းရေးမှူး) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး — အဖွဲ့ဝင်

(ဇ) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးဌာန — အတွင်းရေးမှူး

၁၇။ ဝန်ကြီးသည် မြို့စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့အလိုက် မြို့ရွေးချယ် ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) မြို့နယ်နိမိတ်အတွင်းနေထိုင်သည့်အများ ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်(၁)ဦး — ဥက္ကဋ္ဌ

(ခ) မြို့နယ်နိမိတ်အတွင်းနေထိုင်သည့်အများ — အဖွဲ့ဝင်

ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်(၂)ဦး

(ဂ) မြို့အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သူ(၁)ဦး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အဖွဲ့ဝင်
အင်အားဦးစီးဌာန၊ ဦးစီးမှူးမှ
တာဝန်ပေးအပ်သူ(၁)ဦး

(င) မြို့နယ်ဥပဒေအရာရှိမှတာဝန်ပေးအပ်သူ(၁)ဦး အဖွဲ့ဝင်

(စ) မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တာဝန်ပေးအပ်သူ(၁)ဦး အဖွဲ့ဝင်

(ဆ) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အဖွဲ့ဝင်
တာဝန်ပေးအပ်သူ(၁)ဦး

(ဇ) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင် အတွင်းရေးမှူး
သာယာရေးဌာနမှတာဝန်ပေးအပ်သူ(၁)ဦး

၁၈။ ဝန်ကြီးသည်မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးချယ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ဥက္ကဋ္ဌ
နေထိုင်သည့် အများယုံကြည်လေးစားခြင်း
ခံရသောပုဂ္ဂိုလ်(၁)ဦး

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အဖွဲ့ဝင်
နေထိုင်သည့် အများယုံကြည်လေးစားခြင်း
ခံရသောပုဂ္ဂိုလ်(၂)ဦး

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဖွဲ့ဝင်
အုပ်ချုပ်ရေးမှူးရုံးစာရေး

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရေးမှူး
အုပ်ချုပ်ရေးမှူး

**မှတ်ချက်**။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဟုဆိုရာတွင် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၂ (ဂ)အရ မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့များ သို့မဟုတ် မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိသောဒေသများ သို့မဟုတ် မြို့ပြ စည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် အကျုံးဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာများကို ဆိုသည်။

## အခန်း(၅)
## လုပ်ငန်းတာဝန်များ

### ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များ

၁၉။ ဝန်ကြီးဌာနသည် ကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကိုထုတ်ပြန်ကြေညာခြင်း

(ခ) ဝန်ကြီးချုပ်၏အတည်ပြုချက်ဖြင့် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပေးခြင်း

(ဂ) မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း၊

(ဃ) မဲဆန္ဒရှင်အိမ်ထောင်စုစာရင်းကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲများထံမှ တောင်းခံ ရရှိနိုင်ရေး သက်ဆိုင်ရာ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များအား ဆောင်ရွက်စေခြင်း၊ ထုတ်ပြန် ကြေညာရမည့် နေ့ရက်များကို သတ်မှတ်ကြေညာခြင်း၊

(င) ကော်မတီဝင်လောင်းအမည်စာရင်း နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်ကို ထုတ်ပြန်ကြေညာခြင်း၊

(စ) ကော်မတီဝင်လောင်းအမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်နှင့်အချိန် ထုတ်ပြန်ကြေညာခြင်း၊

(ဆ) ကော်မတီဝင်လောင်း အမည်စာရင်းတင်သွင်းလွှာများကို မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့က စိစစ်ရမည့်နေ့ရက်နှင့်အချိန် ထုတ်ပြန်ကြေညာခြင်း

(ဇ) အရည်အချင်းကိုက်ညီသော ကော်မတီဝင်လောင်းအမည်စာရင်း ထုတ်ပြန်ရမည့် နေ့ရက် ကြေညာခြင်း၊

(ဈ) ရွေးချယ်ခြင်းခံရသည့် ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၏ ကိုယ်ရေးရာဇဝင်များကို ဝန်ကြီးဌာနသို့ ပေးပို့တင်ပြရမည့် သတ်မှတ်ရက်ထုတ်ပြန်ကြေညာခြင်း၊

(ည) ရွေးချယ်ခြင်းခံရသည့် တိုင်းစည်ပင်သာယာရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ မြို့နယ် ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များကို ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ကြေညာခြင်း၊

(ဋ) ရွေးချယ်ခြင်းခံရသည့် ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များကို ကန့်ကွက်လွှာ တင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန်ကို ထုတ်ပြန်ကြေညာခြင်း၊

(ဌ) ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များတာဝန်မှ ရပ်စဲခံရ၍ နေရာလစ်လပ်မှု ဖြစ်ပေါ်ပါက နည်းဥပဒေ ၇၆ အရ အစားထိုးခန့်အပ်ခြင်းအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ခန့်အပ်ခြင်း၊

(ဎ) မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များထံမှ ကန့်ကွက်လွှာများ လက်ခံရရှိသည့်အခါ ခုံအဖွဲ့ ဖွဲ့စည်းနိုင်ရေး ဝန်ကြီးချုပ်ထံတင်ပြ၍ မှန်ကန်မှု ရှိ/မရှိစစ်ဆေးခြင်း၊

(ဏ) ကန့်ကွက်လွှာမှန်ကန်မှုကြောင့် ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး ကော်မတီဝင်အဖြစ်မှ ရပ်စဲခံခဲ့ရသော လစ်လပ်နေရာအတွက် နည်းဥပဒေ ၇၅ အရ လည်းကောင်း၊ မြို့နယ်ကော်မတီဥက္ကဋ္ဌ သို့မဟုတ် မြို့နယ်ကော်မတီဝင်အဖြစ်မှ ရပ်စဲခံခဲ့ ရသော လစ်လပ်နေရာအတွက် နည်းဥပဒေ ၇၄ အရလည်းကောင်း အစားထိုးပြန်လည် ခန့်ထားခြင်း။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၂၀။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီဝင်များ ရွေးချယ်နိုင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ကော်မတီဝင်လောင်း လျှောက်လွှာပုံစံ(က)များပြုစုခြင်း၊

(ခ) ကော်မတီဝင်လောင်းလျှောက်လွှာပုံစံ(က) ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း၊

(ဂ) ကော်မတီဝင်လောင်း လျှောက်လွှာပုံစံ(က) ထုတ်ပေးထားရှိမှုအား မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ခြင်း၊

(ဃ) မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်ရမည့် မဲပုံး၊ ဆန္ဒမဲလက်မှတ်၊ ပုံစံများ ပြုစုရာတွင် ကူညီဆောင်ရွက်ပေးခြင်း၊

(င) မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အတွက် နေရာ၊ လိုအပ်သော ပရိဘောဂနှင့် ဝန်ထမ်းများ ်စီစဉ်ဆောင်ရွက်ပေးခြင်း၊

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များ**

၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် အသက်(၁၈)နှစ် ပြည့်ပြီးသူများပါဝင်သည့် မဲဆန္ဒရှင်အိမ်ထောင်စုစာရင်း၊ ပုံစံ(ဃ)ကို ပြုစုရမည်။

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်း ရွေးချယ်နိုင်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လက်မှတ်နှင့် ရုံးတံဆိပ်ပါရှိသော အိမ်ထောင်စုကိုယ်စားလှယ်လောင်းအသိအမှတ်ပြုလက်မှတ်၊ ပုံစံ(င)များကိုဆန္ဒမဲပေးမည့် အိမ်ထောင်စုများသို့ (၃)ရက်ကြိုတင်ဝေငှပေးရမည်။

၂၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များသည် မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ထံမှ မဲပုံး၊ ဆန္ဒမဲလက်မှတ်နှင့် ပုံစံများကို ကျင်းပမည့်နေ့ရက်မတိုင်မီ (၅)ရက်ကြိုတင်၍ ထုတ်ယူပြီးဖြစ်ရမည်။

၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များသည် ဆန္ဒမဲလက်မှတ်၊ ပုံစံနှင့် မဲစာရင်းများကို မဲရုံမှူးထံ (၃)ရက်ကြိုတင်၍ လွှဲအပ်ပြီးဖြစ်ရမည်။

၂၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်း ရွေးချယ်နိုင်ရေးအတွက် မဲရုံ၊ လျှို့ဝှက်မဲပေးခန်းနှင့် မဲပုံးများ ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ကော်မတီဝင်လောင်း ရွေးချယ်မည့်နေ့ မတိုင်မီ(၁)ရက် ကြိုတင်၍ မဲရုံမှူးထံလွှဲအပ်ရမည်။

၂၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်း ရွေးချယ်နိုင်ရေးအတွက် ကော်မတီဝင်လောင်းများ၏ အမည်စာရင်း၊ ပုံစံ(စ)ကို မဲဆန္ဒရှင်များ ကြိုတင်သိရှိနိုင်စေရန် မဲရုံပရဝုဏ်အတွင်း ကြေညာထားရမည့်အပြင် လျှို့ဝှက်မဲပေးခန်းများ၏ အတွင်းနံရံတွင်လည်း ဖတ်ရှုနိုင်စေရန်ပြသထားရမည်။

၂၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မဲရုံပရဝုဏ်နေရာကို သတ်မှတ်၍ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက်နေရာ၊ လျှို့ဝှက်ဆန္ဒပြုခန်းနေရာ၊ သတင်းမီဒီယာ များနေရာ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနေရာ၊ ဝင်ပေါက်၊ ထွက်ပေါက် နေရာများ အတွက်ရရှိသည့်နေရာပေါ်မူတည်၍ မဲရုံမှူးနှင့် ညှိနှိုင်းသတ်မှတ်ပေးရမည်။ အဆိုပါနေရာ လုံခြုံရေး အတွက် သက်ဆိုင်ရာနယ်မြေရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများဖြစ်သော ကြက်ခြေနီ၊ မီးသတ်အဖွဲ့ များနှင့် ကြိုတင်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ထားရှိရမည်။

၂၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မဲရုံပရဝုဏ်အတွင်း စည်းရုံးလှုံ့ဆော်ခြင်း၊ မဲရုံပရဝုဏ်အနီးဝန်းကျင်တွင် အသံချဲ့စက်များဖွင့်ခြင်းများ မရှိစေရေးနှင့် မဲမသမာမှုများ မဖြစ်စေရေး ကြီးကြပ်ရမည်။

၂၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ဆန္ဒမဲပေးမည့်နေ့ရက်၊ အချိန်နှင့် မဲရုံတည်နေရာတို့ကို အများသိရှိစေရန် ကော်မတီဝင်လောင်းရွေးချယ်မည့်နေ့မတိုင်မီ (၃)ရက်ကြိုတင်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လှည့်လည်ကြေညာရမည်။

၃၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ နှင့်မဲရုံမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ကော်မတီဝင်လောင်းတစ်ဦးချင်း မဲရရှိမှုစာရင်းကို ပုံစံ(ဆ)ဖြင့် ပြုစု ပြီးမြို့နယ်ကြီးကြပ်ရေးအဖွဲ့သို့ နေ့ချင်းပြီးပေးပို့ရမည်။

**မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၃၁။ မြို့နယ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်း ရွေးချယ်နိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး အပါအဝင် အောက်ပါမဲရုံအဖွဲ့ဝင်များကို အမည်စာရင်းပြုစု၍ တာဝန်ပေးခန့်အပ်ရမည်-

| | | |
|---|---|---|
| (က) | မဲရုံမှူး | (၁)ဦး |
| (ခ) | မဲစာရင်းစစ်ဆေးသူ | (၂)ဦး |
| (ဂ) | မဲလက်မှတ်ထုတ်ပေးသူ | (၂)ဦး |
| (ဃ) | မဲရုံစောင့် | (၂)ဦး |

၃၂။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများထံမှ တောင်းခံရရှိထားသော မဲဆန္ဒရှင်အိမ်ထောင်စုစာရင်းကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များထံ ဖြန့်ဝေပေးရမည်။

၃၃။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ ရွေးချယ် နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မဲရုံများအလိုက် မဲပုံး၊ ဆန္ဒမဲ လက်မှတ်နှင့် ပုံစံများကို စီစဉ်ဆောင်ရွက်ပေးရမည်။

၃၄။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ် ကြီးကြပ် ရေးအဖွဲ့များထံသို့ မဲပုံး၊ ဆန္ဒမဲ လက်မှတ်နှင့် ပုံစံများကို ကျင်းပမည့်နေ့ရက်မတိုင်မီ (၅)ရက် ကြိုတင်၍ ဖြန့်ဝေပေးရမည်။

၃၅။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၉ အရ ကော်မတီဝင်လောင်း အမည်စာရင်း တင်သွင်းလာသော လျှောက်လွှာများကို နည်းဥပဒေ ၃ နှင့် ၄ အရ စိစစ်ပြီး အရည်အချင်း ကိုက်ညီသူများကို ကော်မတီဝင်လောင်းအဖြစ် ဝန်ကြီးဌာနက သတ်မှတ်သော နေ့ရက်တွင် ထုတ်ပြန် ကြေညာရမည်။

၃၆။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးချယ် ကြီးကြပ်ရေးအဖွဲ့များနှင့် မဲရုံမှူးများမှ ပုံစံ(ဆ)ဖြင့် ပေးပို့လာသော စာရင်းများကိုစုစည်းပြီး ကော်မတီဝင်လောင်း တစ်ဦးချင်းစီရရှိသော ဆန္ဒမဲအရေအတွက်များကို ကြေညာ၍ ဆန္ဒမဲ အများအနည်းအလိုက် မဲရရှိမှု စာရင်း၊ ပုံစံ(ဇ)ဖြင့် မှတ်တမ်းပြုစုရမည်။

၃၇။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ဆန္ဒမဲတူရရှိသောကော်မတီဝင်လောင်းများကို ဦးစားပေးအစီအစဉ် ရွေးချယ်ဆုံးဖြတ်ပေးနိုင်ရေးအတွက် မဲပုံး၊ ဆန္ဒမဲလက်မှတ်နှင့်ပုံစံများကို စီစဉ် ဆောင်ရွက်ပေးရမည်။

၃၈။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်တစ်ဦးချင်းစီရရှိသော ဆန္ဒမဲရရှိမှု အပေါ်မူတည်၍ ဆန္ဒမဲအများဆုံးရရှိသော ကော်မတီဝင်လောင်းကို မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယအများဆုံးနှင့် တတိယအများဆုံးရရှိသော ကော်မတီ ဝင်လောင်းများ ကို ကော်မတီဝင်(၂)ဦးအဖြစ်လည်းကောင်း လျာထားပြီး ပုံစံ(ဈ)ဖြင့် မှတ်တမ်းပြုစု ထားရမည်။

၃၉။ မြို့နယ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်အဖြစ် လျာထားခံရသူများ၏ ကိုယ်ရေးအချက်အလက်များကို ပုံစံ(ဠ) ဖြင့်ပြုစုပြီး ဆန္ဒမဲအများအနည်း အလိုက် မဲရရှိမှုစာရင်း၊ ပုံစံ(ဇ)နှင့်အတူ ဝန်ကြီးဌာနသို့ ပေးပို့တင်ပြရမည်။

**ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

၄၀။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာခရိုင်အတွင်းရှိ မြို့နယ်ကော်မတီ ဥက္ကဋ္ဌများအနက်မှ(၁)ဦးကို တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်အဖြစ် ရွေးချယ် နိုင်ရေး ဆောင်ရွက်ပေးရမည်။

၄၁။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး ကော်မတီဝင်လောင်းများ၏ ဆန္ဒမဲရရှိမှု အရေအတွက် တူညီနေလျှင် ဆန္ဒမဲ အများအနည်းအလိုက် မဲရရှိမှုစာရင်း၊ ပုံစံ(ဇ)တွင် အဆုံးအဖြတ်ရသည်အထိ ဆောင်ရွက်ရမည်။

၄၂။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး ကော်မတီဝင်လောင်းတစ်ဦးချင်းစီ ရရှိသော ဆန္ဒမဲအရေအတွက်များကို ကြေညာ၍ ဆန္ဒမဲအများအနည်းအလိုက် မဲရရှိမှုစာရင်း၊ ပုံစံ(ဇ)ဖြင့် မှတ်တမ်း ပြုစုရမည်။

၄၃။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီးကော်မတီဝင်လောင်းတစ်ဦးချင်းစီ ရရှိသော ဆန္ဒမဲရရှိမှုအပေါ်မူတည်၍ ဆန္ဒမဲအများဆုံးရရှိသော ကော်မတီဝင်လောင်း (၁)ဦးကို ပုံစံ(ဈ)ဖြင့် မှတ်တမ်းပြုစုရမည်။ ၎င်း၏ကိုယ်ရေးအချက်အလက်ကို ပုံစံ(ဠ)ဖြင့် ပြုစုပြီး ဝန်ကြီးဌာနသို့ တင်ပြ ရမည်။

## အခန်း (၆)

## မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ကြေညာခြင်း

၄၄။ ဝန်ကြီးဌာနသည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရပ်ကွက်တစ်ခု သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုကို မဲဆန္ဒနယ်မြေတစ်ခုအဖြစ် သတ်မှတ်ပြီး မဲဆန္ဒနယ်မြေစာရင်းကို ထုတ်ပြန် ကြေညာရမည်။

၄၅။ ဝန်ကြီးဌာနသည် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အိမ်ထောင်စု (၁၀၀၀) အထက်ရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုတွင် မဲရုံ(၁)ခုထက်ပို၍ သတ်မှတ်ထားရှိနိုင်သည်။

၄၆။ ဝန်ကြီးဌာနသည် ကော်မတီဝင်လောင်းရွေးချယ်ရန်အတွက် ရွေးချယ်မည့်နေ့ရက်ကို အနည်းဆုံး ရက်ပေါင်း (၃၀)ရက် ကြိုတင်၍ ကြေညာရမည်။

## အခန်း(၇)

## မဲစာရင်းပြုစုခြင်း၊ ကြေညာခြင်း

၄၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကြေညာသည့်အခါ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့က ဖြန့်ဝေပေးသည့် မဲဆန္ဒရှင်စာရင်းကိုအခြေခံ၍ အသက်(၁၈)နှစ်ပြည့်ပြီးသူများပါဝင်သည့် မဲဆန္ဒရှင်အိမ်ထောင်စုစာရင်း၊ ပုံစံ(ဃ)ကို ပြုစု ရမည်။

၄၈။ မဲဆန္ဒရှင်အိမ်ထောင်စုစာရင်း၊ ပုံစံ(ဃ)ကို ကော်မတီဝင်လောင်းရွေးချယ်မည့်နေ့မတိုင်မီ (၇) ရက်ကြိုတင်၍ အများသိရှိစေရန်ထုတ်ပြန်ကြေညာရမည်။

၄၉။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် မဲဆန္ဒရှင်အိမ်ထောင်စုစာရင်း၊ ပုံစံ(ဃ)တွင် ကျန်ရှိနေ၍ ကော်မတီဝင်လောင်း ရွေးချယ်မည့်နေ့မတိုင်မီ(၃)ရက်ကြိုတင်ပြီး ကျန်ရှိသူက အကြောင်းကြား

လာလျှင် ၎င်း၏ အမည်စာရင်းကို နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုစာရင်း (လဝကပုံစံ – ၆၆ / ၆)ကို စိစစ်ပြီး မဲဆန္ဒရှင်အိမ်ထောင်စုစာရင်း၊ ပုံစံ(ဃ)တွင် ပြင်ဆင်ဖြည့်သွင်းပေးရမည်။

၅၀။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် မဲစာရင်းမိတ္တူကို ကူးယူခွင့်ပြုရန် လျှောက်ထားလာပါက အောက်ပါ အတိုင်းကူးယူခွင့်ပြုနိုင်သည်–

(က) ကော်မတီဝင်လောင်းတစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူတစ်စုံကို အခမဲ့ ကူးယူခွင့်ပြုနိုင်သည်၊

(ခ) အခြားသူတစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အစိုးရအဖွဲ့က သတ်မှတ်ထားသောနှုန်းအတိုင်း ပေးသွင်းစေ၍ ကူးယူခွင့်ပြုနိုင်သည်။

## အခန်း(၈)

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

၅၁။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သည့် အိမ်ထောင်စုများမှ အိမ်ထောင်စုတစ်စုလျှင် အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးသာ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။

၅၂။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–

(က) သာသနာ့ဝန်ထမ်း ။

(ခ) ထောင်ဒဏ်ကျခံနေရသူ ။

(ဂ) စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ။

(ဃ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူ ။

(င) တပ်မတော် ဌာနချုပ်/တပ်ရင်း/တပ်ဖွဲ့များအတွင်း နေထိုင်သည့်တပ်မတော်သားများနှင့် အိမ်ထောင်စုဝင် မိသားစုများ ။

(စ) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနချုပ်/ တပ်ရင်း/ တပ်ဖွဲ့/ တပ်ဖွဲ့ခွဲ/ စခန်းများအတွင်း နေထိုင်သည့် တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင် မိသားစုများ ။

(ဆ) ရွေးချယ်ခြင်းကာလအတွင်း စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပသို့ အကြောင်းတစ်စုံတစ်ရာဖြင့် ရောက်ရှိနေသူ၊

(ဇ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ။

## အခန်း (၉)

## မဲရုံမှူး၏ တာဝန်များ

၅၃။ မဲရုံမှူးသည် အောက်ပါတာဝန်များကို ဆန္ဒမဲပေးရွေးချယ်ခြင်း ဆောင်ရွက်ပြီးသည်အထိ တာဝန်ယူ ဆောင်ရွက်ရမည်-

(က) မဲရုံမှူးသည် ကော်မတီဝင်လောင်းရွေးချယ်နိုင်ရေးအတွက် မဲရုံ၊ လျှို့ဝှက်မဲပေးခန်းနှင့် မဲပုံးများပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကော်မတီဝင်လောင်းရွေးချယ်မည့်နေ့ မတိုင်မီ(၁)ရက် ကြိုတင်၍ စိစစ်လက်ခံပြီး ကော်မတီဝင်လောင်းများ၏ အမည်စာရင်း၊ ပုံစံ(စ)ကို မဲဆန္ဒရှင်များကြိုတင်သိရှိနိုင်စေရန် မဲရုံပရဝုဏ်အတွင်း ကြေညာထားခြင်းရှိ/မရှိနှင့် လျှို့ဝှက်မဲပေးခန်းများ၏ အတွင်းနံရံတွင် ဖတ်ရှုနိုင်စေရန် ပြသထားခြင်း ရှိ / မရှိ စိစစ် ရမည်။ ထို့အပြင်အခြားပြင်ဆင်ရန်ကိစ္စရပ်များရှိပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ် ကြီးကြပ်ရေးအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

(ခ) မဲရုံမှူးသည် မဲရုံဖွင့်လှစ်ချိန်မတိုင်မီ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ရှေ့မှောက်တွင် ဆန္ဒမဲ လက်မှတ်များကို စိစစ်ခြင်း၊ ရေတွက်ခြင်းနှင့် ဆန္ဒမဲလက်မှတ်ပေါ်တွင် လက်မှတ် ရေးထိုးခြင်းကိစ္စများကို ကြိုတင်ဆောင်ရွက်ထားရမည်။

(ဂ) မဲရုံမှူးသည် မဲရုံများကို နံနက်(၆)နာရီအချိန်တွင်စတင် ဖွင့်လှစ်၍ ညနေ(၄)နာရီ အချိန်တွင် တပြိုင်နက်ပိတ်သိမ်းရမည်။ သို့ရာတွင် ညနေ( ၄ )နာရီမတိုင်မီ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံးဆန္ဒမဲပေးပြီးပါက မဲရုံကိုပိတ်ရမည်။

(ဃ) မဲရုံမှူးသည် လေ့လာခွင့်ပြုကြောင်း ပုံစံ(ဂ)ပါရှိသည့် စောင့်ကြည့်လေ့လာရေး အဖွဲ့များ/ လေ့လာလိုသည့် ပုဂ္ဂိုလ်များကိုသာ လာရောက် လေ့လာခွင့်ပြုရမည်။

(င) မဲရုံမှူးသည် မဲရုံပိတ်သိမ်းချိန်တွင် မဲရုံပရဝုဏ်အတွင်း ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်များကို မဲပေးခွင့်ပြုရမည်။

(စ) မဲရုံမှူး သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်သည် မဲဆန္ဒရှင်များကို ဆန္ဒမဲလက်မှတ်ထုတ်ပေးရာတွင် နိုင်ငံသားစိစစ်ရေးကဒ်နှင့် အိမ်ထောင်စု ကိုယ်စားလှယ် အသိအမှတ်ပြုလက်မှတ်၊ ပုံစံ(င)တို့ကို ပုံစံ(ဃ)ဖြင့်စိစစ်ပြီး မဲဆန္ဒရှင် ကိုယ်တိုင် လက်မှတ် ရေးထိုးခြင်း သို့မဟုတ် မဲဆန္ဒရှင်၏လက်ဝဲလက်မလက်ဗွေ နှိပ်စေ၍ ထုတ်ယူစေရမည်။

(ဆ) မဲရုံမှူးသည် မဲဆန္ဒရှင်များက မှားယွင်းဖြည့်သွင်းမိသော ဆန္ဒမဲလက်မှတ်များကို ကြက်ခြေ (✘) အမှတ်အသားပြု၍ မှတ်တမ်းတင် သိမ်းဆည်းထားရမည်။ ၎င်းမဲလက်မှတ်အစား ဆန္ဒမဲလက်မှတ်အသစ် တစ်ကြိမ်တည်းသာ ထပ်မံထုတ်ပေးပြီး မှတ်တမ်းတင် ထားရမည်။

(ဇ) ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိအမည်များကို မဖတ်တတ်လျှင်လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း၊ မသန်စွမ်းသူဖြစ်လျှင်လည်းကောင်း မဲရုံမှူးသည်ယင်းပုဂ္ဂိုလ်များဆန္ဒမဲပေးနိုင်ရေး လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဈ) မဲရုံမှူးသည် မဲရုံပိတ်သိမ်းပြီးပါက ဆန္ဒမဲလက်မှတ်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များ၏ရှေ့မှောက်၊ မဲရုံအတွင်းအများမြင်သာသောနေရာ တွင် ဆန္ဒမဲပုံးအတွင်းမှထုတ်ယူ၍ ခွဲခြားရေတွက်ပြီး ပုံစံ(ည)ဖြင့် မှတ်တမ်းတင်ထားရှိကာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ အတည်ပြု လက်မှတ်များ ရေးထိုးထားရှိရမည်။ ဆန္ဒမဲလက်မှတ်တစ်ခု ခိုင်လုံသည်၊ မခိုင်လုံသည်ကို သက်ဆိုင်ရာ မဲရုံမှူးကသာဆုံးဖြတ်ရမည်။

(ည) မဲရုံမှူးသည် ဆန္ဒမဲလက်မှတ်များကို တစ်မျိုးချင်းစီခွဲခြားထုပ်ပိုး ချိပ်ပိတ်ပြီး ပုံစံ(ဆ)၊ (ည) နှင့်အတူ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ကြီးကြပ်ရေးအဖွဲ့နှင့် ကိုယ်တိုင် လိုက်ပါ၍ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ နေ့ချင်းအရောက် ပေးပို့အပ်နှံရမည်။

၅၄။ ဆန္ဒမဲလက်မှတ်များရေတွက်ရာတွင် ဆန္ဒမဲလက်မှတ် တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများနှင့် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များကို ပြသ၍ ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါ ဆန္ဒမဲလက်မှတ်များကို ပယ်ရမည်-

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့တံဆိပ်တုံးရိုက်နှိပ်ထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်

(ခ) မဲရုံမှူးလက်မှတ်မပါရှိသော ဆန္ဒမဲလက်မှတ်။

(ဂ) ကော်မတီဝင်လောင်း(၃)ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်။

(ဃ) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်။

(င) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသောဆန္ဒမဲလက်မှတ်။

(စ) မည်သူ့ကိုဆန္ဒပြုထားကြောင်း အတည်မပြုနိုင်သည့် ဆန္ဒမဲ လက်မှတ်။

(ဆ) ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးကဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်။

(ဇ) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်။

(ဈ) ဆုတ်ဖြဲထားသော ဆန္ဒမဲလက်မှတ်။

၅၅။ နည်းဥပဒေ ၅၄ အရ ဆန္ဒမဲလက်မှတ်တစ်ခုကို ပယ်မဲအဖြစ်သတ်မှတ် ခြင်းခံရပါက ၎င်းဆန္ဒမဲ လက်မှတ်ပေါ်၌ဆန္ဒပြုထားသော ကော်မတီဝင်လောင်းများအတွက် ခိုင်လုံမဲအဖြစ် ရေတွက်ခွင့် မရှိစေရ။

## အခန်း (၁၀)

## ဆန္ဒမဲပေးရွေးချယ်ခြင်း

### မြို့နယ်ကော်မတီဝင်များ ဆန္ဒမဲပေးရွေးချယ်ခြင်း

၅၆။ မဲဆန္ဒရှင်များသည် နိုင်ငံသားစိစစ်ရေးကဒ်နှင့် အိမ်ထောင်စုကိုယ်စားလှယ်လောင်း အသိအမှတ်ပြုလက်မှတ်၊ ပုံစံ(၄) တင်ပြ၍ ဆန္ဒမဲလက်မှတ်ထုတ်ယူရမည်။

၅၇။ မဲဆန္ဒရှင်များသည် ဆန္ဒမဲလက်မှတ်ထုတ်ယူပြီးပါက ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိရွေးချယ်လိုသော ကော်မတီဝင်လောင်း(၃)ဦး၏ အမှတ်စဉ်၊ အမည်နှင့်ယှဉ်တွဲလျှက်ရှိသော ဇယားကွက်နေရာတွင် အမှန်ခြစ်(✔) အမှတ်အသားများဖြင့် လျှို့ဝှက် ဆန္ဒပြုရမည်။ မိမိသဘောဆန္ဒအရ (၂)ဦး သို့မဟုတ် (၁)ဦးတည်းကိုလည်း ဆန္ဒမဲပေးရွေးချယ်နိုင်သည်။ သို့ရာတွင် ကော်မတီဝင်လောင်း (၃)ဦးထက်ပို၍ ဆန္ဒမဲပေး ရွေးချယ်ခြင်းမပြုရ။

၅၈။ လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ရာတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ မှားယွင်း၍ ဖြည့်သွင်းမိပါက မဲရုံမှူးထံတင်ပြ၍ ဆန္ဒမဲလက်မှတ်အသစ် တစ်ကြိမ်တည်းသာ လဲလှယ်၍ ဆန္ဒမဲပေးရွေးချယ်ရမည်။

၅၉။ မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင်လောင်းများ၏ ဆန္ဒမဲရရှိမှုအရေအတွက် တူညီနေလျှင် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန် ကြေညာထားသောကော်မတီဝင်လောင်းအားလုံးကို ဖိတ်ကြားပြီး ကော်မတီဝင်လောင်း အချင်းချင်း ၏ဆန္ဒမဲဖြင့်ရွေးချယ်၍ ဆန္ဒမဲအများအနည်းအလိုက်မဲရရှိမှုစာရင်း၊ ပုံစံ(၉)တွင် အဆုံးအဖြတ်ရ သည်အထိ ဆောင်ရွက်ရမည်။

### တိုင်းဒေသကြီးကော်မတီဝင်များ ဆန္ဒမဲပေးရွေးချယ်ခြင်း

၆၀။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင် အဖြစ် ဆန္ဒမဲပေးရွေးချယ်ရာတွင် မြို့နယ်ကော်မတီ ဥက္ကဋ္ဌများအနေဖြင့် မိမိရွေးချယ်လိုသည့် ကော်မတီဝင်လောင်း (၃)ဦး၏ အမည်ကို စာဖြင့် ကိုယ်တိုင်ရေးသား၍ လျှို့ဝှက်ဆန္ဒပြုစေရမည်။

၆၁။ ထိုသို့ရွေးချယ်ရာတွင်ကော်မတီဝင်များ ဆန္ဒမဲရရှိမှုတူညီနေလျှင် ဆန္ဒမဲတူရရှိသော ကော်မတီဝင်လောင်းများကို ကျန်ကော်မတီဝင်လောင်းများ၏ဆန္ဒမဲဖြင့် မဲအနည်းအများရရှိမှုကို အဆုံးအဖြတ်ရရှိသည်အထိ ထပ်မံရွေးချယ်ရမည်။

၆၂။ တိုင်းဒေသကြီး ကော်မတီဝင်လောင်းများရွေးချယ်ရာတွင် လွယ်ကူအဆင်ပြေစေရေး အတွက် မြို့နယ်ကော်မတီဥက္ကဋ္ဌများ၏ အမည်စာရင်းကို ၎င်းတို့ထံကြိုတင်ဖြန့်ဝေပေးထားရမည်။

## အခန်း(၁၁)

## ကန့်ကွက်လွှာတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း

### မြို့နယ်ကော်မတီဝင်များကို ကန့်ကွက်လွှာတင်သွင်းခြင်း

၆၃။ ရွေးချယ်တင်မြှောက်ခံရသူ ကော်မတီဝင်ကို ကန့်ကွက်လိုပါက ဝန်ကြီးဌာနက ကြေညာ သည့်နေ့မှစ၍ (၇)ရက်အတွင်း မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သို့ ခိုင်လုံသော အကြောင်းပြ

ချက်ဖြင့် အထောက်အထား ပြည့်စုံစွာ ဖော်ပြလျှက် ပုံစံ(၃)ဖြင့် ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။ ထိုသို့ ကန့်ကွက်ခြင်းအတွက် ငွေပေးသွင်းပြီးကြောင်း ငွေသွင်းချလံ(မူရင်း)ကို ကန့်ကွက်လွှာနှင့်တစ်ပါတည်း တင်သွင်းရမည်။

၆၄။ ကန့်ကွက်လွှာတင်သွင်းသူသည် ကန့်ကွက်ခြင်းအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း)ကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်ထားသည့် ငွေစာရင်းသို့ ကြိုတင်ပေးသွင်းရမည်။ ကန့်ကွက်လွှာတစ်စောင်၌ ကန့်ကွက်သူတစ်ဦးထက်ပို၍ပါရှိလျှင် ကန့်ကွက်သူ တစ်ဦးချင်းအလိုက် ငွေကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း)စီ ပေးသွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသော ကန့်ကွက်လွှာများကို လက်ခံခြင်းမပြုရ။ ကန့်ကွက်ခြင်းအတွက် ပေးသွင်းငွေကို မည်သည့်အကြောင်းကြောင့်မျှ ပြန်လည်ထုတ်ယူခွင့်မရှိစေရ။ ကန့်ကွက်ခြင်းအတွက် ငွေပေးသွင်းပြီး ကြောင်း ငွေသွင်းချလံ(မူရင်း)ကို ကန့်ကွက်လွှာနှင့်တစ်ပါတည်း မတင်သွင်းလျှင် ယင်းကန့်ကွက်လွှာကို အရေးယူ ဆောင်ရွက်ခြင်းမပြုရ။

၆၅။ မြို့နယ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင် တစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ကန့်ကွက်ချက်ကို သတ်မှတ်ကာလအတွင်း လက်ခံရရှိလျှင် ၎င်းကန့်ကွက်လွှာများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ မှတစ်ဆင့် ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

**တိုင်းဒေသကြီးကော်မတီဝင်များကို ကန့်ကွက်လွှာတင်သွင်းခြင်း**

၆၆။ ရွေးချယ်တင်မြှောက်ခံရသူ ကော်မတီဝင်ကို ကန့်ကွက်လိုပါက ဝန်ကြီးဌာနက ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခရိုင်ရွေးချယ် ကြီးကြပ်ရေးအဖွဲ့သို့ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အထောက်အထား ပြည့်စုံစွာဖော်ပြလျှက် ပုံစံ (၃) ဖြင့် ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။ ထိုသို့ ကန့်ကွက်ခြင်းအတွက် ငွေပေးသွင်းပြီးကြောင်း ငွေသွင်းချလံ(မူရင်း)ကို ကန့်ကွက်လွှာနှင့် တစ်ပါတည်း တင်သွင်းရမည်။

၆၇။ ကန့်ကွက်လွှာတင်သွင်းသူသည် ကန့်ကွက်ခြင်းအတွက်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း)ကို သက်ဆိုင်ရာ ခရိုင်အဆင့်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်ထားသည့် ငွေစာရင်းသို့ ကြိုတင်ပေးသွင်းရမည်။ ကန့်ကွက်လွှာတစ်စောင်၌ ကန့်ကွက်သူ တစ်ဦးထက်ပို၍ပါရှိလျှင် ကန့်ကွက်သူ တစ်ဦးချင်းအလိုက် ငွေကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း)စီ ပေးသွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသော ကန့်ကွက်လွှာများကိုလက်ခံခြင်းမပြုရ။ ကန့်ကွက်ခြင်းအတွက်ပေးသွင်းငွေကို မည်သည့်အကြောင်းကြောင့်မျှ ပြန်လည်ထုတ်ယူခွင့်မရှိစေရ။ ကန့်ကွက်ခြင်းအတွက် ငွေပေးသွင်းပြီး ကြောင်း ငွေသွင်းချလံ(မူရင်း)ကို ကန့်ကွက်လွှာနှင့်တစ်ပါတည်း မတင်သွင်းလျှင် ယင်းကန့်ကွက်လွှာကို အရေးယူ ဆောင်ရွက်ခြင်းမပြုရ။

၆၈။ ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီဝင် တစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ကန့်ကွက်ချက်ကို သတ်မှတ်ကာလ အတွင်းလက်ခံရရှိလျှင် ၎င်းကန့်ကွက်လွှာများကို

သက်ဆိုင်ရာ ခရိုင်အဆင့်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ မှတစ်ဆင့် ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

**ကန့်ကွက်လွှာများအတွက်အဆုံးအဖြတ်ပေးခြင်း**

၆၉။ ဝန်ကြီးဌာနသည် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များမှ ပေးပို့လာသော ကန့်ကွက်လွှာများကို လက်ခံရရှိသည့်အခါ မှန်၊ မမှန် ကြားနာဆုံးဖြတ်နိုင်ရန်အတွက် ခုံအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း နိုင်ရေးဝန်ကြီးချုပ်ထံတင်ပြရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးဥပဒေအရာရှိ | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး၊<br>တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့<br>အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး<br>ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

၇၀။ ခုံအဖွဲ့သည် ကန့်ကွက်လွှာများကို မှန်၊မမှန်စစ်ဆေးပြီးနောက် မှန်ကန်မှုမရှိကြောင်း ဆုံးဖြတ်ခဲ့လျှင် မည်သည့်အတွက်ကြောင့် ကန့်ကွက်လွှာကို ပယ်ဖျက်ကြောင်း ကန့်ကွက်လွှာ တင်သွင်းသူထံ အကြောင်းကြားရမည်။

၇၁။ ခုံအဖွဲ့သည် ကန့်ကွက်လွှာများကို မှန်၊ မမှန်စစ်ဆေးပြီးနောက် မှန်ကန်မှုရှိကြောင်း ဆုံးဖြတ် ခဲ့လျှင် ကန့်ကွက်ခံရသူကို ကော်မတီဝင်အမည်စာရင်းမှ ပယ်ဖျက်နိုင်ရေး ခုံအဖွဲ့၏ စစ်ဆေးတွေ့ရှိ ချက်နှင့် ဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ်ထံတင်ပြရမည်။

၇၂။ ဝန်ကြီးဌာနသည် ကန့်ကွက်ခံရသူကို ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ကော်မတီဝင် အဖြစ်မှ ပယ်ဖျက်ခဲ့လျှင် လစ်လပ်နေရာအတွက် နည်းဥပဒေ ၇၄ နှင့် ၇၅ တို့အရ အစားထိုးပြန်လည် ခန့်ထားရမည်။

## အခန်း (၁၂)

## တရားမဲ့ပြုကျင့်မှုများ

၇၃။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည်-

(က) ကော်မတီဝင်လောင်းမှဖြစ်စေ၊ ကော်မတီဝင်လောင်း၏သဘောတူညီချက်ဖြင့် အခြားသူ တစ်ဦးဦးကဖြစ်စေ-

(၁) လာဘ်ပေး၊ လာဘ်ယူမှုပြုလုပ်ခြင်း ။

(၂) ရွေးချယ်ခြင်းဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက် ပြုလုပ်ခြင်း ။

(၃) သူတစ်ပါးအယောင်ဆောင်ခြင်း ။

(၄) မဟုတ်မမှန်ပြောဆိုကြေညာခြင်း ။

(၅) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီဝင်လောင်း ရွေးချယ်ရာတွင် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများ၏ ကော်မတီဝင်လောင်း ရွေးချယ်ပွဲများတွင် မိမိလိုလားသော ကော်မတီဝင်လောင်း အား ဆန္ဒမဲပေးခြင်းဖြင့် အကျိုးရှိစေခြင်း ။

(ဂ) ကော်မတီဝင်လောင်းအဖြစ်ပါဝင်ရန် သို့မဟုတ် မပါဝင်ပဲနေရန် သို့မဟုတ် ကော်မတီဝင်လောင်း အဖြစ်မှနုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန် ချက်ဖြင့်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက လာဘ်လာဘလက်ခံခြင်း သို့မဟုတ် လာဘ်လာဘ လက်ခံရန် သဘောတူခြင်း ။

(ဃ) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင် တစ်ဦးဦးကို သွေးဆောင်ရန် ဖြစ်စေ၊ သွေးဆောင်လိုသဖြင့် အားထုတ်ရန်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူက မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လာဘ်လာဘလက်ခံရန် သဘောတူခြင်း။

(င) ကော်မတီဝင်လောင်း၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက် ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် မိမိ၏ဆန္ဒမဲလက်မှတ်ကို မဲရုံမှ အခြားသို့ယူဆောင်သွားခြင်း။

(စ) ကော်မတီဝင်လောင်းကဖြစ်စေ၊ ကော်မတီဝင်လောင်း၏သဘောတူညီချက်အရ အခြားသူတစ်ဦးကဖြစ်စေ ကော်မတီဝင်လောင်းတစ်ဦးအဖြစ် ရွေးချယ်တင်မြှောက် ခံရရေးအတွက် အကူအညီကို အခြားဝန်ထမ်းတစ်ဦးဦးထံမှရယူခြင်း၊ ရယူရန် အားပေးကူညီခြင်း သို့မဟုတ် ရယူရန်အားထုတ်ခြင်း။

(ဆ) ကော်မတီဝင်လောင်းတစ်ဦး ရွေးချယ်တင်မြှောက်ခံရရေးအတွက် ဘာသာရေး အထိမ်း အမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊

ကိုးကွယ်ရာ ဘာသာကိုဖြစ်စေ အကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲ နေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊

(ဇ) ကော်မတီဝင်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အဖွဲ့အစည်း တစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်း ။

(ဈ) ကော်မတီဝင်လောင်းမဟုတ်သောသူတစ်ဦးဦးက ၎င်းကော်မတီဝင်လောင်း၏ ခွင့်ပြုချက်မရရှိဘဲ ကော်မတီဝင်လောင်းအဖြစ် ရွေးချယ်တင်မြှောက်ခံရစေရန်ဖြစ်စေ၊ ရွေးချယ်တင်မြှောက်ခံရရေးအတွက် အားပေးလိုသောကြောင့်ဖြစ်စေ၊ အစည်းအဝေး ကျင်းပ၍ သော်လည်းကောင်း၊ စာရွက်စာတမ်းဝေ၍သော်လည်းကောင်း၊ အခြား တစ်နည်းနည်းဖြင့်သော်လည်းကောင်း၊ ငွေအကုန်အကျခံခြင်း သို့မဟုတ် ငွေအကုန် အကျခံရန် ခွင့်ပြုခြင်း။

(ည) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏အမည်၊ နေရပ် မပါရှိသော ရွေးချယ်ခြင်းနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိ လိုလားသော ကော်မတီဝင်လောင်းအား အကျိုးရှိစေခြင်း။

## အခန်း(၁၃)

## လစ်လပ်နေရာများအစားထိုးခန့်ထားခြင်း

၇၄။ ဤနည်းဥပဒေ ၆၃ အရ ကန့်ကွက်ခြင်းကြောင့် မြို့နယ်ကော်မတီဝင် ရာထူးနေရာများ လစ်လပ်ခဲ့လျှင် ဝန်ကြီးဌာနသည် လစ်လပ်နေရာများ အစားထိုးရွေးချယ် ခန့်ထားခြင်းကို နည်းဥပဒေ ၃၆ အရ ကော်မတီဝင်လောင်းများတစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲအများ အနည်းအလိုက် မဲရရှိမှုစာရင်း၊ ပုံစံ(ဇ)ပါ ဦးစားပေးအစီအစဉ်အတိုင်း ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ခန့်ထား ရမည်။

၇၅။ ဤနည်းဥပဒေ ၆၆ အရ ကန့်ကွက်ခြင်းကြောင့် တိုင်းဒေသကြီး ကော်မတီဝင်ရာထူး နေရာများ လစ်လပ်ခဲ့လျှင် ဝန်ကြီးဌာနသည် လစ်လပ်နေရာများ အစားထိုးရွေးချယ် ခန့်ထားခြင်းကို နည်းဥပဒေ ၄၂ အရ ကော်မတီဝင်လောင်းများတစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲအများ အနည်းအလိုက် မဲရရှိမှုစာရင်း၊ ပုံစံ(ဇ)ပါ ဦးစားပေးအစီအစဉ်အတိုင်း ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ခန့်ထားရမည်။

၇၆။ ဤနည်းဥပဒေ ၅ အရ ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်တစ်ဦးဦးကို တာဝန်မှ ရပ်စဲခြင်းကြောင့် နေရာများလစ်လပ်ခဲ့လျှင် ဝန်ကြီးသည် လစ်လပ်နေရာများအစားထိုး ရွေးချယ် ခန့်ထားခြင်းကို နည်းဥပဒေ ၃၆ သို့မဟုတ် နည်းဥပဒေ ၄၂ အရ ကော်မတီဝင်လောင်းများ တစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲအများအနည်းအလိုက် မဲရရှိမှုစာရင်း၊ ပုံစံ(ဇ)ပါ ဦးစားပေးအစီအစဉ် အတိုင်း အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ခန့်ထားရမည်။

၇၇။ လစ်လပ်ရာထူးနေရာတွင် အစားထိုးခန့် အပ်ခြင်းခံရသော ကော်မတီဝင်၏ သက်တမ်းသည် ဝန်ကြီးချုပ်က အတည်ပြုသည့်နေ့မှစ၍ ကော်မတီ၏ သက်တမ်းကုန်ဆုံးသည့် နေ့ရက်အထိ ဖြစ်သည်။

## အခန်း( ၁၄ )

## ကော်မတီသက်တမ်းနှင့် ချီးမြှင့်ထောက်ပံ့ငွေ

၇၈။ ကော်မတီများ၏သက်တမ်းသည် ပုံမှန်အားဖြင့် အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၇၉။ ကော်မတီဝင်ရွေးချယ်ခြင်းများကို ကော်မတီသက်တမ်းမပြည့်မီ (၃)လ အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။ ကော်မတီဝင်တစ်ဦးသည် ကော်မတီသက်တမ်း(၂)ကြိမ်အထိသာ ရွေးချယ်ခံပိုင်ခွင့် ရှိသည်။

၈၀။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောထားရယူ၍ မြို့နယ်၊ မြို့ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်ငွေများကို သတ်မှတ်ပေးရမည်။

၈၁။ မြို့နယ်၊ မြို့ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏ ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်ငွေများကို စည်ပင်သာယာရေးအဖွဲ့ သာမန်အသုံးစရိတ်မှကျခံရမည်။

## အခန်း( ၁၅ )

## ပြစ်မှုများ

၈၂။ အောက်ဖော်ပြပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်လျှင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်-

(က) မည်သူမဆို စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲများ တွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲ ပေးပိုင်ခွင့်နှင့်ရွေးကောက်တင်မြှောက်ပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်လာဘ်ပေးသြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ခ) စည်ပင်သာယာရေးကော်မတီ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန်သော်လည်းကောင်း၊ ယင်း အခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေ ဖြင့်သော် လည်းကောင်း၊ ငွေ၊ ပစ္စည်း၊အစားအသောက်၊ရာထူး သို့မဟုတ် အလုပ်အကိုင်နေရာပြောင်းရွှေ့မှု သို့မဟုတ် အခြား အခွင့်အရေးတစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊

(ဂ) စည်ပင်သာယာရေးကော်မတီ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် ကော်မတီဝင်လောင်းတစ်ဦးဦးကိုသော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊

(ဃ) လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေအကြောင်းပြု၍ ဆန္ဒမဲပေးရန် သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း၊ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန် ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း၊

(င) ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲ ပျက်ပြားစေရန်ဖြစ်စေ၊ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း၊

(စ) ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်ကထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ အခြားစာရွက်စာတမ်းများကို တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်း၊

(ဆ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကို သော်လည်းကောင်း၊ ယင်းတို့ကို ပေးပို့ရာတွင် အသုံးပြုသော စာအိတ် သို့မဟုတ် အထုပ်ကို သော်လည်းကောင်း၊ တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ယင်းတို့တွင် ရေးသွင်းထားချက်များကို ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်း၊

(ဇ) ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား ပေးခြင်း၊

(ဈ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(ည) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ်ကိုဖျက်ဆီးခြင်း၊

(ဋ) စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲတစ်ခုခုတွင် မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊

(ဌ) စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော ကော်မတီဝင်၏ မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဍ) တစ်ပါးသူအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ်ကို လာရောက် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း၊

(ဎ) စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဏ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊

(တ) မည်သူမဆို စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်ယှက်ရန် အားပေးကူညီခြင်း၊

(ထ) မည်သူမဆို စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ (ငါးရာ)အကွာအတွင်း၌ဖြစ်စေ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ် ကို ကျူးလွန်ခြင်း-

(၁) မဲဆွယ်ခြင်း၊

(၂) မဲဆန္ဒရှင်တစ်ဦးဦးအား ကော်မတီဝင်လောင်း တစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်း သွေးဆောင် ခြင်း၊

(၃) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန် သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း။

(ဒ) မည်သူမဆို စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ဆန္ဒမဲ ပေးရန် လာရောက်သူများ စိတ်ပြိုငြင်စေရန် သို့မဟုတ် မဲရုံတွင်တာဝန်ကျသော မဲရုံမှူးများနှင့် မဲရုံ အဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေ ရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀(ငါးရာ)အတွင်း၌ ဖြစ်စေ၊ အသံချဲ့စက် အစရှိသော အသံကိုကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာသုံးစွဲခြင်း၊ အော်ဟစ်ခြင်းအစရှိ သော စည်းကမ်းမဲ့သည့် အပြုအမူများကိုပြုလုပ်ခြင်း၊

(ဓ) မည်သူမဆို မဲရုံတွင်ဆန္ဒမဲပေးရန်သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌ မဖွယ်မရာသောအမူကိုပြုခြင်း သို့မဟုတ် မဲရုံမှူးက မိမိ၏တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံခြင်းကြောင့် မဲရုံမှူး သို့မဟုတ် မဲရုံမှူး၏အခွင့်အာဏာရ မဲရုံ အဖွဲ့ဝင်တစ်ဦး၏ အမိန့်အရ တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေး တာဝန်ရှိသူက မဲရုံမှဖယ်ရှား ခံရပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ မဲရုံသို့ပြန်ဝင် လာခြင်း၊

(န) မည်သူမဆို စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ လိမ်လည် စွပ်စွဲတိုင်တန်းခြင်း။

၈၃။ စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးကဖြစ်စေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် လောင်းတစ်ဦးဦးကဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ရွေးချယ်ကြီးကြပ်ရေး အဖွဲ့ သို့မဟုတ် မဲရုံအဖွဲ့တစ်ခုခုတွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ သက်သေ အထောက် အထား ခိုင်လုံစွာဖြင့် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ မကျင်းပမီသော်လည်းကောင်း၊ ကျင်းပနေစဉ်သော်လည်းကောင်း၊ စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲ ကျင်းပသည့်နေ့မှ ၁၅ ရက် အတွင်းသော်လည်းကောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း သို့မဟုတ် မြို့နယ် တရားရုံးတွင် ဥပဒေ နှင့်အညီ တိုင်တန်းလျှောက်ထားနိုင်သည်။

## အခန်း(၁၆)

## အထွေထွေ

၈၄။ ဤနည်းဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၅။ ဤနည်းဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို တစ်ဦးတစ်ယောက် သောသူက ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဆဲဖြစ်ကြောင်းတွေ့ရှိလျှင် မဲရုံမှူးသည် ထိုသူကိုဖမ်းဆီးရန် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေး တာဝန်ရှိသူအား ညွှန်ကြားနိုင်သည်။

၈၆။ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်တွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ စည်ပင် သာယာရေးကော်မတီ ရွေးကောက်ပွဲတာဝန်များကို ထမ်းဆောင်နေသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အဖြစ်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၈၇။ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ တရားဝင်အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ဥပဒေ နှင့်အညီ မိမိတာဝန်အား သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ရွေးချယ်ကြီးကြပ် ရေးအဖွဲ့အဆင့်ဆင့်နှင့် ယင်းတို့၏အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ ခုံအဖွဲ့နှင့် ခုံအဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်း အရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရ။

၈၈။ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်သည် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်း များထံမှ လိုအပ်သည့် အကူအညီများကိုရယူနိုင်သည်။

၈၉။ စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို လေ့လာလိုသည့် ပုဂ္ဂိုလ်များနှင့် စောင့်ကြည့်လေ့လာလိုသည့် အဖွဲ့အစည်းများသည် ရပ်ကွက်/ကျေးရွာ အုပ်စုမဲရုံများ အတွက် မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ထံသို့လည်းကောင်း၊ တိုင်းဒေသကြီး ကော်မတီဝင် လောင်းရွေးချယ်ပွဲအတွက် သက်ဆိုင်ရာခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ထံသို့လည်းကောင်း ပုံစံ(ခ) ဖြင့် (၇)ရက်ကြိုတင် တင်ပြရမည်။

၉၀။ မြို့နယ်/ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များသည် စောင့်ကြည့်လေ့လာရေးအဖွဲ့များ/ လေ့လာ လိုသည့် ပုဂ္ဂိုလ်များကို လေ့လာခွင့်ပြုကြောင်း သက်ဆိုင်ရာ မဲရုံအသီးသီးနှင့် လျှောက်ထားသည့် အဖွဲ့၊ ပုဂ္ဂိုလ်အသီးသီးထံသို့ ပုံစံ(ဂ)ဖြင့် (၃)ရက် ကြိုတင်အကြောင်းကြားရမည်။

၉၁။ စောင့်ကြည့် လေ့လာရေးအဖွဲ့များ/ လေ့လာလိုသည့် ပုဂ္ဂိုလ်များသည်သက်ဆိုင်ရာ မဲရုံ အသီးသီးသို့ သွားရောက်လေ့လာရာတွင် ပုံစံ(ဂ)များတစ်ပါတည်းယူဆောင်လာ၍ မဲရုံမှူးထံ ပြသ ရမည်။

၉၂။ မြို့စည်ပင်သာယာရေးကော်မတီများနှင့်ပတ်သက်၍ ဆန္ဒမဲပေးရွေးချယ်ခြင်း၊ ကန့်ကွက်ခြင်းနှင့် လစ်လပ်နေရာအစားထိုးခန့်ထားခြင်းများကို ဤနည်းဥပဒေပါ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၉၃။ ဤနည်းဥပဒေများအရဆောင်ရွက်ရန် နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်သောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်ဖြစ်ပါက ရုံးပြန်ဖွင့်သည့်နေ့တွင် ယင်းကိစ္စကို နောက်ဆုံးနေ့အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၉၄။ ရွေးကောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပြီးဆုံးသည့်အခါ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်၏မှတ်တမ်းများ၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ယူ ထိန်းသိမ်းထားရှိရမည်။

၉၅။ ဤနည်းဥပဒေအရပြုလုပ်သည့် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်၏ ရွေးချယ်ခြင်းဆိုင်ရာကုန်ကျစရိတ်များကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲရမည်။

၉၆။ ဝန်ကြီးဌာနသည် ဤနည်းဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၉၇။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကထုတ်ပြန်ခဲ့သော ၂၀၁၇ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီဝင်များရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေကို ဤနည်းဥပဒေဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) ဝင်းသိန်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ (က)

-------------------ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

စည်ပင်သာယာရေးကော်မတီဝင်လောင်းလျှောက်လွှာ

နည်းဥပဒေ-၁၃

-------------ရပ်ကွက်/ ကျေးရွာအုပ်စု ရက်စွဲ ၊-------------------

၁။ အမည် /အခြားအမည် ၊-------------------------------------------
၂။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊-------------------------------------------
၃။ အသက်နှင့် မွေးသက္ကရာဇ် ၊-------------------------------------------
၄။ အဘအမည် ၊-------------------------------------------
၅။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊-------------------------------------------
၆။ အမိအမည် ၊-------------------------------------------
၇။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊-------------------------------------------
၈။ အလုပ်အကိုင်(အပြည့်အစုံ) ၊-------------------------------------------
၉။ ပညာအရည်အချင်း ၊-------------------------------------------
၁၀။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ၊-------------------------------------------
၁၁။ လက်ရှိနေရပ်လိပ်စာ ၊-------------------------------------------
၁၂။ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုတွင် ၊-------------------------------------------
တဆက်တည်းနေထိုင်ခဲ့သောကာလ ၊-------------------------------------------
၁၃။ တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ၊-------------------------------------------
ရပ်ကွက်/ကျေးရွာအုပ်စုတွင်အမှန်တကယ် ၊-------------------------------------------
နေထိုင်မည့်သူ ဟုတ်/မဟုတ် ၊-------------------------------------------
၁၄။ ရာဇဝတ်ပြစ်မှု ရင်ဆိုင်နေဆဲ ရှိ/မရှိ ၊-------------------------------------------
၁၅။ ဆောင်ရွက်ခဲ့ဖူးသည့် ရပ်ရွာအကျိုးပြု ၊-------------------------------------------
လုပ်ငန်းများ ၊-------------------------------------------

---

အထက်ဖော်ပြပါ အချက်အလက်များမှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်-

လျှောက်ထားသူလက်မှတ်

**ပုံစံ(ခ)**

သို့

ဥက္ကဋ္ဌ

-------------------------- မြို့နယ် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ရက်စွဲ၊-------------

အကြောင်းအရာ ။ **စည်ပင်သာယာရေးကော်မတီဝင်လောင်း ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခွင့် / လေ့လာခွင့် ပြုနိုင်ပါရန် တင်ပြလျှောက်ထားခြင်း**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/ ပုဂ္ဂိုလ်များကို -------------------------- ရပ်ကွက်/ကျေးရွာအုပ်စု စည်ပင်သာယာရေးကော်မတီဝင်လောင်း ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခွင့် / လေ့လာခွင့်ပြုနိုင်ပါရန် တင်ပြ လျှောက်ထားအပ်ပါသည် -

| စဉ် | အမည် | အဘအမည် | နိုင်ငံသား စိစစ်ရေးကဒ် အမှတ် | နေရပ်လိပ်စာ | အဖွဲ့အစည်း အမည် (ရှိခဲ့လျှင်) | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

လျှောက်ထားသူ

လက်မှတ်၊-----------------------------------

အမည်၊-----------------------------------

နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ၊-----------------------------------

အဖွဲ့အစည်း ၊---------------------------------

ပုံစံ(ဂ)

**မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့**

**-----------------မြို့**

သို့

**မဲရုံမှူး**

**------------------------- မဲရုံ**

ရက်စွဲ၊-------------

အကြောင်းအရာ ။ **စည်ပင်သာယာရေးကော်မတီဝင်လောင်း ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခွင့် / လေ့လာခွင့် ပြုကြောင်း အကြောင်းကြားခြင်း**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/ ပုဂ္ဂိုလ်များကို စည်ပင်သာယာရေးကော်မတီဝင်လောင်း ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခွင့် / လေ့လာခွင့် ပြုကြောင်း အကြောင်းကြားပါသည်-

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစိစစ်ရေးကဒ်အမှတ် | နေရပ်လိပ်စာ | အဖွဲ့အစည်းအမည်(ရှိခဲ့လျှင်) | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ဥက္ကဋ္ဌ
မြို့နယ်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

မိတ္တူကို
(လျှောက်ထားသည့်အဖွဲ့/လူပုဂ္ဂိုလ်)

ပုံစံ (ဃ)

## ------------------ရွေးချယ်ကြီးကြပ်ရေးအဖွဲ့
## ဆန္ဒမဲပေးမည့် မဲဆန္ဒရှင် အိမ်ထောင်စုစာရင်း

-----------------မြို့၊ ------------------ရပ်ကွက်/ကျေးရွာအုပ်စု ရက်စွဲ၊-------------

| စဉ် | အိမ်ထောင်ဦးစီး အမည် | အမည် | အဘအမည် | နိုင်ငံသား စိစစ်ရေးကဒ် အမှတ် | နေရပ်လိပ်စာ | လက်မှတ်(သို့) လက်ဝဲလက်ဗွေ |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

အထက်ပါစာရင်းများမှန်ကန်ကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်။

အတွင်းရေးမှူး
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ဥက္ကဋ္ဌ
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ပုံစံ (င)

ပဲခူးတိုင်းဒေသကြီး

--------------------ခရိုင်/---------------မြို့နယ်/

-------------------မြို့

----------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးချယ်ကြီးကြပ်ရေးအဖွဲ့

အိမ်ထောင်စုကိုယ်စားလှယ်လောင်းအသိအမှတ်ပြုလက်မှတ်

| စဉ် | အမည် |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |

ရုံးတံဆိပ်

ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး လက်မှတ်

ပုံစံ(စ)

ပဲခူးတိုင်းဒေသကြီး

-------------------ခရိုင်/--------------မြို့နယ်/

-------------------မြို့

----------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ကော်မတီဝင်လောင်းများ၏အမည်စာရင်း

| အမှတ်စဉ် | အမည် | အဘအမည် | နေရပ်လိပ်စာ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ဥက္ကဋ္ဌ

ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ပုံစံ(ဆ)

-----------------ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ကော်မတီဝင်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုစာရင်း

နည်းဥပဒေ (          )

-----------------မြို့၊ -----------------ရပ်ကွက်/ကျေးရွာအုပ်စု                ရက်စွဲ၊-------------

| စဉ် | အမည် | အဘအမည် | လူမျိုး ဘာသာ | နိုင်ငံသားစိစစ်ရေး ကဒ်အမှတ် | နေရပ်လိပ်စာ | မဲအရေ အတွက် | မှတ် ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

| အတွင်းရေးမှူး | မဲရုံမှူး | ဥက္ကဋ္ဌ |
|---|---|---|
| ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ | ---------ရပ်ကွက်/ကျေးရွာအုပ်စုမဲရုံ | ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ |

| အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
|---|---|---|---|
| လက်မှတ်၊----- | လက်မှတ်၊------- | လက်မှတ်၊------- | လက်မှတ်၊------- |
| အမည်၊-------- | အမည်၊-------- | အမည်၊-------- | အမည်၊-------- |

## -----------------မြို့နယ်/ခရိုင်ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

## ကော်မတီဝင်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲအများအနည်းအလိုက် မဲရရှိမှုစာရင်း

------------------မြို့၊ -----------------ရပ်ကွက်/ကျေးရွာအုပ်စု ရက်စွဲ၊-------------

| စဉ် | အမည် | အဘအမည် | လူမျိုး ဘာသာ | နိုင်ငံသားစိစစ်ရေး ကဒ်အမှတ် | နေရပ်လိပ်စာ | မဲအရေ အတွက် | မှတ် ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

ရှင်းလင်းချက်။ ဆန္ဒမဲရရှိမှု အများအနည်းအလိုက် အစီအစဉ်စာရင်းပြုစုထားရန်ဖြစ်သည်။

အတွင်းရေးမှူး
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ဥက္ကဋ္ဌ
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

အဖွဲ့ဝင်
လက်မှတ်၊-----
အမည်၊--------

အဖွဲ့ဝင်
လက်မှတ်၊-------
အမည်၊--------

အဖွဲ့ဝင်
လက်မှတ်၊-------
အမည်၊--------

အဖွဲ့ဝင်
လက်မှတ်၊-------
အမည်၊--------

:

ပုံစံ(၈၂)

-----------------ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ကော်မတီဝင်များ၏ လျာထားအမည်စာရင်း

-----------------မြို့၊ -----------------ရပ်ကွက်/ကျေးရွာအုပ်စု ရက်စွဲ၊-------------

| စဉ် | အမည် | အဘအမည် | လူမျိုး ဘာသာ | နိုင်ငံသားစိစစ်ရေး ကဒ်အမှတ် | နေရပ်လိပ်စာ | လျာထား တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

အတွင်းရေးမှူး
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ဥက္ကဋ္ဌ
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

အဖွဲ့ဝင် အဖွဲ့ဝင် အဖွဲ့ဝင် အဖွဲ့ဝင် အဖွဲ့ဝင် အဖွဲ့ဝင် အဖွဲ့ဝင်

လက်မှတ်၊----- လက်မှတ်၊------- လက်မှတ်၊------- လက်မှတ်၊------- လက်မှတ်၊------- လက်မှတ်၊------- လက်မှတ်၊--------

အမည်၊-------- အမည်၊-------- အမည်၊-------- အမည်၊-------- အမည်၊-------- အမည်၊-------- အမည်၊-----------

ပုံစံ(ည)

-------------------------ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ထုတ်ယူမဲ၊ ခိုင်လုံမဲ၊ ပယ်မဲ၊ ပျက်စီးမဲ၊ လက်ကျန်မဲနှင့် ပျောက်ဆုံးမဲများစာရင်း

-----------------မြို့၊ -----------------ရပ်ကွက်/ကျေးရွာအုပ်စု ရက်စွဲ၊------------

| စဉ် | ထုတ်ယူမဲ အရေအတွက် | ခိုင်လုံမဲ အရေအတွက် ပုံစံ(ဆ) ပေါင်း | ပယ်မဲ အရေ အတွက် | ပျက်စီးမဲ အရေ အတွက် | လက်ကျန်မဲ အရေ အတွက် | စုစုပေါင်း | ပျောက်ဆုံးမဲ အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

မှတ်ချက်။ (က) ၃+၄+၅+၆+၇

(ခ) ၂-၇ = ၈

မဲရုံမှူး
-------------မဲရုံ

အတွင်းရေးမှူး
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ဥက္ကဋ္ဌ
ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

ပုံစံ (ဠ)

----------------------ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

**ကော်မတီဝင်အဖြစ် လျာထားခံရသူ၏ ကိုယ်ရေးအချက်အလက်များ**

----------------ရပ်ကွက်/ ကျေးရွာအုပ်စု                                                ရက်စွဲ ၊------------------

၁။ အမည် /အခြားအမည် ၊--------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊--------------------------------------------------

၃။ အသက်နှင့် မွေးသက္ကရာဇ် ၊--------------------------------------------------

၄။ အဘအမည် ၊--------------------------------------------------

၅။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊--------------------------------------------------

၆။ အမိအမည် ၊--------------------------------------------------

၇။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊--------------------------------------------------

၈။ အလုပ်အကိုင်(အပြည့်အစုံ) ၊--------------------------------------------------

၉။ ပညာအရည်အချင်း ၊--------------------------------------------------

၁၀။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ၊--------------------------------------------------

၁၁။ လက်ရှိနေရပ်လိပ်စာ ၊--------------------------------------------------

၁၂။ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုတွင် ၊--------------------------------------------------
တဆက်တည်းနေထိုင်ခဲ့သောကာလ ၊--------------------------------------------------

၁၃။ တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ၊--------------------------------------------------
ရပ်ကွက်/ကျေးရွာအုပ်စုတွင်အမှန်တကယ်၊--------------------------------------------------
နေထိုင်မည့်သူ ဟုတ်/မဟုတ် ၊--------------------------------------------------

၁၄။ ဆောင်ရွက်ခဲ့ဖူးသည့် ရပ်ရွာအကျိုးပြု ၊--------------------------------------------------
လုပ်ငန်းများ --------------------------------------------------

၁၅။ ခင်ပွန်း/ဇနီးအမည် ၊--------------------------------------------------
နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊--------------------------------------------------
အလုပ်အကိုင်၊ ၊--------------------------------------------------
နေရပ်လိပ်စာ ၊--------------------------------------------------

၁၆။ သား/သမီးအမည် ၊--------------------------------------------------
နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊--------------------------------------------------
အလုပ်အကိုင်၊နေရပ်လိပ်စာ ၊--------------------------------------------------

အထက်ဖော်ပြပါ အချက်အလက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ် ရေးထိုးပါသည်-

လျာထားခံရသူလက်မှတ်

ပုံစံ (၎)

## မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်လောင်း ဆန္ဒမဲလက်မှတ်

## ပဲခူးတိုင်းဒေသကြီး၊-------------------ခရိုင်/--------------မြို့နယ်/

## ------------------မြို့၊ ------------ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံ

(က) မဲပေးလိုသော ကော်မတီဝင်လောင်း၏ အမှတ်စဉ်နှင့်အမည်တည့်တည့် လေးထောင့်အကွက်ထဲတွင် အမှန်ခြစ် အမှတ်အသား '' ✔ '' ခြစ်ပါ။

(ခ) ကော်မတီဝင်လောင်း(၃)ဦးထက်ပို၍ မဲမပေးရပါ။

| စဉ် | အမည် | ဆန္ဒမဲပေးရန် |
|---|---|---|
| ၁ | ဦး/ဒေါ်--------------- | |
| ၂ | ဦး/ဒေါ်--------------- | |
| ၃ | ဦး/ဒေါ်--------------- | |
| ၄ | ဦး/ဒေါ်--------------- | |
| ၅ | ဦး/ဒေါ်--------------- | |
| ၆ | ဦး/ဒေါ်--------------- | |
| ၇ | ဦး/ဒေါ်--------------- | |
| ၈ | ဦး/ဒေါ်--------------- | |
| ၉ | ဦး/ဒေါ်--------------- | |
| ၁၀ | ဦး/ဒေါ်--------------- | |
| ၁၁ | ဦး/ဒေါ်--------------- | |
| ၁၂ | ဦး/ဒေါ်--------------- | |
| ၁၃ | ဦး/ဒေါ်--------------- | |
| ၁၄ | ဦး/ဒေါ်--------------- | |
| ၁၅ | ဦး/ဒေါ်--------------- | |

| စဉ် | အမည် | ဆန္ဒမဲပေးရန် |
|---|---|---|
| ၁၆ | ဦး/ဒေါ်--------------- | |
| ၁၇ | ဦး/ဒေါ်--------------- | |
| ၁၈ | ဦး/ဒေါ်--------------- | |
| ၁၉ | ဦး/ဒေါ်--------------- | |
| ၂၀ | ဦး/ဒေါ်--------------- | |
| ၂၁ | ဦး/ဒေါ်--------------- | |
| ၂၂ | ဦး/ဒေါ်--------------- | |
| ၂၃ | ဦး/ဒေါ်--------------- | |
| ၂၄ | ဦး/ဒေါ်--------------- | |
| ၂၅ | ဦး/ဒေါ်--------------- | |
| ၂၆ | ဦး/ဒေါ်--------------- | |
| ၂၇ | ဦး/ဒေါ်--------------- | |
| ၂၈ | ဦး/ဒေါ်--------------- | |
| ၂၉ | ဦး/ဒေါ်--------------- | |
| ၃၀ | ဦး/ဒေါ်--------------- | |

မဲရုံမှူး လက်မှတ်

ပုံစံ (၃)

-------------------ရွေးချယ်ကြီးကြပ်ရေးအဖွဲ့

စည်ပင်သာယာရေးကော်မတီဝင် ကန့်ကွက်လွှာ

၁။ ကန့်ကွက်လွှာတင်သွင်းသူ

(က) အမည် ။-----------------------------------------

(ခ) အဘအမည် ။-----------------------------------------

(ဂ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ။-----------------------------------------

(ဃ) အိမ်ထောင်ဦးစီးအမည် ။-----------------------------------------

(င) နေရပ်လိပ်စာ ။-----------------------------------------

။-----------------------------------------

(စ) ကန့်ကွက်ကြေးသွင်းပြီး/မပြီး ။-----------------------------------------

၂။ ကန့်ကွက်ခြင်းခံရသူ

(က) အမည် ။-----------------------------------------

(ခ) ကော်မတီဝင် ၏ရာထူး ။-----------------------------------------

။-----------------------------------------

(ဂ) မဲဆန္ဒနယ် ။-----------------------------------------

၃။ ကန့်ကွက်သည့်အကြောင်းပြချက်များ ။-----------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

ကန့်ကွက်သူ၏လက်မှတ်၊-------------------------

အမည်၊-------------------------

ရက် စွဲ၊-------------------------